**သမတအိမ်တော်၊ ရန်ကုန်မြို့**
**၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေကို ကရင်ပြည်နယ်အတွက် ခွဲဝေသုံးစွဲရေး တချက်လွှတ်ဥပဒေ။**
**[၁၉၅၈ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၅။]**
**၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်။**
**(၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)**

ကရင်ပြည်နယ်အတွက်ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေကို ခွဲဝေသုံးစွဲရန် တချက်လွှတ် ဥပဒေတရပ် ပြဋ္ဌာန်းစိမ့်သောငှါ ချက်ခြင်းအရေးယူ ဆောင်ရွက်ရန်လိုအပ်သော ကိစ္စများပေါ်ပေါက် လာသည်ဟု နိုင်ငံတော်သမတက ယူဆသောကြောင့်၊ နိုင်ငံတော်သမတသည်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၀၊ ပုဒ်မခွဲ (၁) အရ၊ အောက်ပါတချက်လွှတ်ဥပဒေကို ထုတ်ပြန်ကျေညာလိုက်သည်။

၁။ ။ ဤတချက်လွှတ်ဥပဒေကို၊ **၁၉၅၈ ခုနှစ်၊ ပြည်ထောင်စုအစိုးရ၏ အထောက်အပံ့ငွေကို ကရင်ပြည် နယ်အတွက် ခွဲဝေသုံးစွဲရေး တချက်လွှတ်ဥပဒေ**ဟုခေါ်တွင်စေရမည်။

၂။ ။ ကရင်ပြည်နယ်ဥက္ကဋ္ဌသည်၊ ပြည်ထောင်စုအစိုးရ၏အထောက်အပံ့ငွေများမှ စုစုပေါင်းကျပ်ငွေ ၃၈,၀၀,၀၀၀ (ကျပ်သုံးဆယ့်ရှစ်သိန်း) ကိုထုတ်ယူ၍၊ ဤတချက်လွှတ်ဥပဒေ၏ ဇယားတွင် သတ်မှတ် ထားသည့်အတိုင်း ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် ဘဏ္ဍာတော်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့်ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

**ဇယား**

| **အစိုးရဌာန။** | **ခွဲဝေသုံးစွဲသည့်ငွေ။** |
|---|---|
| | **ကျပ်။** |
| မြေခွန်တော် | ၁,၅၀,၀၀၀ |
| ယစ်မျိုး | ၅၀,၀၀၀ |
| တံဆိပ်တော်ခေါင်း | ၅၀၀ |
| သစ်တော | ၂,၅၀,၀၀၀ |
| မှတ်ပုံတင်မှု | ၉၀၀ |
| ဆည်မြောင်း၊ ရေကြောင်းသွားလာခြင်း၊ တာတမံနှင့် ရေစီးရေလာမြောင်း | |
| လုပ်ငန်းများ | ၂၀,၀၀၀ |
| ပြည်နယ်ကောင်စီ | ၄၀,၀၀၀ |
| အရပ်ရပ်စီရင်အုပ်ချုပ်မှု | ၄,၀၀,၀၀၀ |
| တရားရေး | ၁၀,၀၀၀ |
| အကျဉ်းထောင်များ | ၁၀,၀၀၀ |
| ရဲအဖွဲ့ | ၁၀,၀၀,၀၀၀ |
| ရေကြောင်းဆိုင်ရာ | ၅၀,၀၀၀ |
| သာသနာရေးကိစ္စများ | ၃၀,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | ၁,၃၀၀ |

| | | | | | |
|---|---|---|---|---|---|
| ပညာရေး | ... | ... | ... | ... | ၁၀,၀၀,၀၀၀ |
| ဆေးဘက်ဆိုင်ရာ | | ... | ... | ... | ၂,၀၀,၀၀၀ |
| ပြည်သူ့ကျန်းမာရေး | | ... | ... | ... | ၆၀,၀၀၀ |
| လယ်ယာစိုက်ပျိုးရေး | | ... | ... | ... | ၁,၀၀,၀၀၀ |
| တိရစ္ဆာန်ဆေးကုသရေး | | ... | ... | ... | ၁၀,၀၀၀ |
| အထွေထွေဌာနများ | | ... | ... | ... | ၁,၀၀,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများ | | ... | ... | ... | ၂,၀၀,၀၀၀ |
| ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ်ရေး | | ... | ... | ... | ၁၀၀ |
| ပင်ရှင်လစာငွေများ | | ... | ... | ... | ၁၀၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း | | ... | ... | ... | ၁၀၀ |
| အထွေထွေ | ... | ... | ... | ... | ၁၀,၀၀၀ |
| အထွေထွေဌာနများအတွက်မ ,တည်ငွေရင်း | | | ... | ... | ၇,၀၀၀ |
| မြို့ပြဆိုင်ရာလုပ်ငန်းများအတွက်မ ,တည်ငွေရင်း | | | ... | ... | ၁,၀၀,၀၀၀ |
| | | | ပေါင်း | ... | ၃၈,၀၀,၀၀၀ |

ဦးဝင်းမောင်၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်။
(၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၆၃]